# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တင်သွင်းသည့် အဆိုများ

| စဉ် | တင်သွင်းသူအမည်နှင့် မဲဆန္ဒနယ် | အဆိုအကြောင်းအရာ | အဆိုတင်သည့်နေ့ | ဆုံးဖြတ်သည့်နေ့ | ရှင်းလင်းဖြေကြားသည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ဒေါက်တာတင်တင်ဝင်း ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ကျေးလက်နေ အမျိုးသမီးများ၏ လူနေမှုဘဝ မြှင့်တင်ရန် စီးပွားရေးတွင် တစ်နိုင်တစ်ပိုင် ပါဝင်ရန် နေရပ်စွန့်ခွာ၍ ရေမြေခြား အလုပ် သွားလုပ်ခြင်းကို လျှော့ချနိုင်ရန်နှင့် အမျိုးသမီးများ အတွက် ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးရန် အိမ်တွင်းစီးပွားရေး လုပ်ငန်းများ ဖော်ဆောင်ဖို့ အသိပေးခြင်း၊ နည်းပညာပေးခြင်း၊ ရင်းနှီး ရန်ပုံငွေကြေးရှာဖွေပေးခြင်း၊ ကုန်ကြမ်းကို ဒေသထွက် အဖြစ် ဖော်ထုတ်ပေးခြင်း၊ ဈေးကွက် ဖော်ဆောင်ပေးခြင်း၊ ဈေးကွက်တည်တံ့အောင် ဆောင်ရွက်ပေးခြင်း၊ သက်ဆိုင်ရာဌာနများ စုပေါင်း၍ ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၃-၅-၂၀၁၉ တတိယနေ့ (၁၂)ကြိမ်မြောက် | ၃၁-၇-၂၀၁၉ (ဆဋ္ဌမနေ့) | စိုက်ပျိုး/ဆည်မြောင်း ဒုတိယဝန်ကြီး ဦးလှကျော် | အတည်ပြု |

| စဉ် | တင်သွင်းသူအမည်နှင့် မဲဆန္ဒနယ် | အဆိုအကြောင်းအရာ | အဆိုတင်သည့်နေ့ | ဆုံးဖြတ်သည့်နေ့ | ရှင်းလင်းဖြေကြားသည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| ၂ | ဦးခင်ဝင်း<br>မကွေးတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ် (၂) | ရှေးအစဉ်အဆက် အသုံးပြုခဲ့သော ကျေးလက် နေပြည်သူများထိန်းသိမ်းသည့် မိုးရေကန်များ၊ သောက်သုံးရေကန်များ၊ ဆည်ငယ်/ တမံငယ်များကို ရေချိုမိုးရေ စုဆောင်းသိုလှောင်ရန်၊ သောက်သုံးရေရရှိရန်၊ မြေအောက်ရေ ဖြည့်ဆည်းရန်၊ လုပ်ကွက်ငယ် တောင်သူများ စိုက်ပျိုးရေရရှိရန်၊ သဘာဝ ဂေဟစနစ် မပျက်ရန်အတွက် ကန်တူးပေးခြင်း၊ ကန်ပေါင်ဆယ်ပေးခြင်း၊ ကန်ငယ်၊ ဆည်ငယ်၊ တမံငယ်များကို ပြုပြင်ထိန်းသိမ်းရန်နှင့် အသစ်တိုးချဲ့ တည်ဆောက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၃၁-၇-၂၀၁၉<br>ဆဋ္ဌမနေ့<br>ဒေါ်မမမလေး<br>ရှမ်း(၈) | ၂၉-၈-၂၀၁၉<br>၁၅ ရက်မြောက်နေ့ | စိုက်မွေး/ဆည်မြောင်း<br>ဒုတိယဝန်ကြီး<br>ဦးလှကျော် | အတည်ပြု |

| စဉ် | တင်သွင်းသူအမည်နှင့် မဲဆန္ဒနယ် | အဆိုအကြောင်းအရာ | အဆိုတင်သည့်နေ့ | ဆုံးဖြတ်သည့်နေ့ | ရှင်းလင်းဖြေကြားသည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| ၃ | ဦးကျော်ထွေး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈) | နိုင်ငံခြားတက္ကသိုလ် သို့မဟုတ် ပညာရေး အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ဖြစ်စေ၊ မိမိ ကိုယ်ပိုင်သင်ရိုးညွှန်းတမ်းများဖြင့် ဖြစ်စေ၊ ဖွင့်လှစ်သင်ကြားပို့ချနေသော ပုဂ္ဂလိက ပညာရေး သင်တန်းကျောင်းများ၏ အရည်အသွေး၊ အဆင့်အတန်းကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် ယင်း သင်တန်းကျောင်းများမှ ထုတ်ပေးသော လက်မှတ်များကို စိစစ်၍ သတင်းထုတ်ပြန်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၃၀-၅-၂၀၁၉ (၁၃) ရက်မြောက်နေ့ (၁၂)ကြိမ်မြောက် | ၁၄-၈-၂၀၁၉ ဒသမနေ့ | ပညာရေး ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း | အတည်ပြု |

| စဉ် | တင်သွင်းသူအမည်နှင့် မဲဆန္ဒနယ် | အဆိုအကြောင်းအရာ | အဆိုတင်သည့်နေ့ | ဆုံးဖြတ်သည့်နေ့ | ရှင်းလင်းဖြေကြားသည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| ၄ | ဒေါ်ထုမေ<br>ရခိုင်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ် (၁၁) | အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ အပါအဝင် အစိုးရတက္ကသိုလ် အသီးသီးတွင် အဆင့်မြင့်ပညာရပ်များ တက်ရောက် သင်ကြားမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အတိုးနည်းပါးသည့် ပညာရေးဆိုင်ရာ ချေးငွေ အစီအစဉ်များရေးဆွဲ အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၂၄-၅-၂၀၁၉<br>ဒသမနေ့<br>(၁၂)ကြိမ်မြောက် | ၅-၉-၂၀၁၉<br>(၁၇ ရက်မြောက်နေ့) | ပညာရေး<br>ဒုတိယဝန်ကြီး<br>ဦးဝင်းမော်ထွန်း | အတည်မပြု |